အားလုံးသို့ပေးစာ
(၁/၂၀၀၆)
(၆ – ၃ – ၂၀၀၆)

ရဲဘော်များ မိတ်ဆွေများခင်ဗျား

(၁) ဒီ/ချုပ်ရဲ့အဆိုပြုချက်ကို လိုက်လှဲစွာ ကြိုဆိုတာမှာ အကြောင်းရင်းကြီး ၂ ခု ရှိပါတယ်။
(က) တိုင်းပြည်ရဲ့ အကျပ်အတည်းက ကြီးမားနက်ရှိုင်းတယ်။ ကိုယ့်ပြဿနာကို ကိုယ်တိုင်ရှင်းကြဖို့ လိုတယ်။ တစိမ်းတွေပါလာရင် ကိုယ့်ပြဿနာက သူတို့ရဲ့ ဘေးပန်းပြဿနာဖြစ်သွားပြီး ဇာတ်မျောကြီး ဖြစ်နေမှာပဲ။ သူမနာ ကိုယ်မနာနည်း၊ ဘယ်သူမှ မျက်နှာမပျက်တဲ့နည်း၊ တိုင်းပြည်အတွက် အကောင်းဆုံး လက်တွေ့အကျဆုံးနည်း ဖြစ်လို့ကတကြောင်း၊
(ခ) တည်ကြည်လေးနက်တဲ့ နိုင်ငံရေးအခြေခံအုတ်မြစ် (Political Platform) ကို ချမှတ်ပေးလို့တကြောင်း ဖြစ်လို့ပါ။

(၂) နအဖ က ဘယ်လိုတုံ့ပြန်မလဲဆိုတာကို စောင့်ကြည့်ရပါမယ်။ "မတ်လ တော်လှန်ရေးနေ့" မှာ ဗိုလ်သန်းရွှေက ထည့်ပြောမယ်ထင်တယ်။ အလားအလာကောင်းတော့ မမြင်ပါဘူး။ ဘာပဲဖြစ်ဖြစ် ဒီ/ချုပ် ခေါင်းဆောင်တွေ ချမှတ်သွားတဲ့ 'နိုင်ငံရေးအခြေခံအုတ်မြစ်' ကို ဘုံလုပ်ငန်းစဉ်အဖြစ် ကိုင်စွဲပြီး နောက်မျိုးဆက်တွေ ချီတက်နိုင်မှာပါ။
ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရစက သခင်နု၊ သခင်သန်းထွန်းတို့ နိုင်ငံရေးအခြေခံအုတ်မြစ်ကလေးတခု ချနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ သတင်းစာတိုက်တွေ ရိုက်ချိုးတဲ့ 'ပုဆိန်ပွဲ' ကြောင့် အခြေခံကလေး ပျက်ခဲ့ပါတယ်။ ပြည်တွင်းစစ် ဖြစ်ခဲ့ပါတယ်။ ဆိုရှယ်လစ် ကွန်မြူနစ်ဖြစ်တဲ့ ပြည်တွင်းစစ်ကနေပြီး မီးခိုးကြွက်လျှောက်လိုက်ပြီး ကျယ်ပြန့်သွားခဲ့ပါတယ်။
'ထိရင်ချမယ်' ဆောင်ပုဒ်ဟာ ဖဆပလ တညီတညွတ်တည်းရှိတုန်းက ဆောင်ပုဒ်ပါ။ ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းမယ်ဆီးမယ် လုပ်တုန်းကတည်းက ချမှတ်ထားတာပါ။
ဒါပေမဲ့ အင်္ဂလိပ်ကို မချရဘဲ ကိုယ့်အချင်းချင်း ချရတာက တိုင်းပြည်ကြမ္မာငင်တာပါပဲ။ ဇာတ်ပေါင်းလိုက်တော့ အာဏာမာန်တက်ခဲ့တဲ့ ဆိုရှယ်လစ်၊ မဆလ အပါအဝင် အနွယ်တွေအားလုံး စုပ်စမြုပ်စ ဖြစ်သွားပါပြီ။ ပေါ်မလာတော့ပါဘူး။
အခု ရင်ဆိုင်နေရတာက စစ်အာဏာရှင်စနစ်အမွေခံ သန်းရွှေစစ်အုပ်စုနဲ့ပါ။ သူတို့က ဆိုရှယ်လစ် အနွယ်တွေ မဟုတ်ပါဘူး။

(၃) ဒီ/ချုပ် နဲ့ နအဖ ရင်ကြားစေ့မလိုလို ဖြစ်နေတုန်းက ကျွန်တော်တို့ အမျှော်လင့်ကြီး မျှော်လင့်ခဲ့မိပါတယ်။ ကာယကံရှင်တွေ ကျေနပ်ရင်ပြီးတာပဲအထိ ပြောခဲ့ပါတယ်။ ဒါပေမဲ့ '၄၈ ပုဆိန်ပွဲ' လိုဟာမျိုး 'ဒီပဲယင်း' မှာပဲ ဖြစ်ခဲ့ပါတယ်။
အခု ဒီ/ချုပ်ရဲ့ ကြိုးစားချက်ကို ဗိုလ်သန်းရွှေစစ်အုပ်စုကပယ်ရင် 'ထိရင်ချမယ်' လမ်း ပြန်လိုက်ကြရမှာပါ။ ထိရင်ချမယ်ဆိုတဲ့ အတွေးအခေါ် စိုက်ထူထားကြဖို့ လိုပါတယ်။

(၄) 'လုပ်နိုင်မှပြော၊ ပြောပြီးရင် ဆက်တိုက်ဇွတ်တိုးလုပ်' အဲဒါဟာ တော်လှန်ရေးစိတ်ဓာတ်ပါ။ 'နိုင်ငံရေး ပလက်ဖောင်း' ကို ထိုးပြီးပါပြီ။ ဘယ်လမ်းလိုက်ရမလဲဆိုတာကိုတော့ ဗိုလ်သန်းရွှေစစ်အုပ်စုက ရွေးပေးပါလိမ့်မယ်။
'၄၈ ပုဆိန်ပွဲ' တုန်းကလို ဗကပ၊ အလုပ်သမားသမဂ္ဂ၊ လယ်သမားသမဂ္ဂ၊ ကျောင်းသားသမဂ္ဂစတဲ့ ကွန်မြူနစ်အနွယ်တွေအားလုံးကို ထောင်ဂဏန်းနဲ့ချီပြီး တချိန်တည်း တချီတည်း ဖမ်းတာမျိုး လုပ်လာနိုင်ပါတယ်။ ဒီ/ချုပ်နဲ့ ၈၈ မျိုးဆက်များ သတိရှိသင့်ပါတယ်။ နအဖ က စာရင်းကောက်နေပါပြီ။ 'ဗကပ' ခံခဲ့ရသလို မခံရစေဖို့ ဆုတောင်းပါတယ်။ ဒီတခါ အကျိုးဆက်က ဗကပ တုန်းကလို ချက်ချင်းထချဖြစ်မှာ မဟုတ်ပါဘူး။ နိုင်ငံတကာ့ အခြေအနေက တမျိုးဖြစ်နေပါပြီ။ ပြည်တွင်းစစ်ပြန်မဖြစ်ချင်ပါဘူး။ ဒါပေမဲ့ ဗိုလ်သန်းရွှေတို့က အဲဒီလမ်းပဲ ဖွင့်ပေးရင်တော့ – ဖွင့်ပေးတဲ့လမ်းအတိုင်း လိုက် 'ရ' မှာပါ။

လေးစားစွာဖြင့်
ရဲဘော်စိုးချစ်
(၆ – ၃ – ၂၀၀၆)